# မာတင် လူသာ



မာတင်လူသာ (လူကက်စ် ခရမ်နာ့ချ် သည် အဲလ်ဒါ၏ ပန်းချီ)

မာတင်လူသာသည် ဩဂုတ်စတင်းနီယန်း ဒေသစာရီ ရဟန်းတစ်ပါးဖြစ်၍၊ ဝက်တင်ဘတ် တက္ကသိုလ်မှပါမောက္ခ တစ်ဦးလည်း ဖြစ်ပေသည်၊ ၁၅၁၇ ခုနှစ်တွင် သူသည် ၉၅ ချက်ပါ စာတမ်းကို ပုံနှိပ်ထုတ်ဝေပြီး၊ ဥပဒေမဲ့ ဇိမ်ခံမှုများအား ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အချေအတင် (ဝိနိစ္ဆယ) ပြုရန် ထောက်ပြထားပေသည်။ လူသာ သည် အထူးသဖြင့် အရက်စ်တိုတဲလ် အတွေးအခေါ်အား အထင်သေးမှုရှိ၍၊ သူ၏ကိုယ်ပိုင် ဒသန၌ ဖွံ့ဖြိုးခြင်း ရှိသူ ဖြစ်ပေသည်။ တစ်ဖြေးဖြေးနှင့် ကာဒီနယ် ကယ်ဂျစ်တန် ဟု အသိများသော သွမ်မစ်စ်တစ်ခ် ပညာတော် သင်များနှင့် ပဋိပက္ခသို့ ချည်းကပ်လာခဲ့ပေသည်။ မကြာမီ လူသာသည် သူ၏ ထိန်းညှိခြင်း သို့မဟုတ် ဘုရား သခင်၏ မျက်လုံးရှေ့မှောက်၌ တစ်စုံတစ်ဦးအား “မှန်ကန်အောင် ပြုလုပ်ခြင်း” ဆိုသည့် ဥပဒေသကို တွင်ကျယ် စေခဲ့သည်။ ကာသိုလစ် ဥပဒေသတွင် ယုံကြည်မှု အယူသီလအား လက်ခံလျှက်၊ ကောင်းမှုဆောင်တာ ကျင့် ဆောင်ခြင်းဖြင့် မေတ္တာတော်အား တိုးပွားဖြည့်ဆီးခြင်း ဖြင့်သာ တစ်စုံတစ်ယောက်သော သူအား ဖြောင့်မတ် မှန်ကန်အောင် ပြုလုပ်နိုင်သည်ဟု ဖြစ်၍၊ လူသာ၏ ထိန်းညှိခြင်း ဩဝါဒမှာ ကာသိုလစ်များနှင့် ကွဲပြား ခြားနား ပေသည်။ ၎င်း၏ ဆိုလိုချက်မှာ “တစ်စုံတစ်ယောက်အား ဖြောင့်မတ်မှန်ကန်သူဟု ကြေငြာခြင်း” သာ ဖြစ်သည် ဟူလို၊ ဘုရားသခင်က ခရစ်တော်၏ မြင့်မြတ်မှုကို ပင်ကိုယ် မြင့်မြတ်ခြင်း မရှိသူ တစ်စုံတစ်ယောက်အား ဖြည့် စွက်ပေးခြင်းမျိုးကို ဆိုလိုပေသည်။ ဤဖြစ်စဉ်၌၊ ကောင်းမှုကျင့်ဆောင်ခြင်းသည် တစ်စုံတစ်ယောက် အား ဖြောင့် မတ်မှန်ကန်သူ ဖြစ်လာစေရန် အတွက် မရှိမဖြစ် လိုအပ်သော အပိုထုတ်ကုန် မဟုတ်ချေ ဟု ဖြစ်၏။ လူသာနှင့် အယူအဆရေးရာ ခေါင်းဆောင်များအကြား ပဋိပက္ခသည် လူသာအား အသင်းတော်၏ ဝါစဉ် အဖွဲ့မှ ထုတ်ပါယ် သည်အထိ ဦးတည်ခဲ့ပေသည်။ အေဒီ ၁၅၂၀ တွင် သူအား ပုပ်ရဟန်းမင်းဆိုင်ရာ ပြန်တမ်းဖြင့် မိစ္ဆာ ဒိဋ္ဌိဟု ပြစ် တင်ကျိန်းမောင်းခဲ့သည်။ ၎င်းကို သူသည် ဝက်တင်ဘတ်၌ ကင်နွန်ဥပဒေ စာအုပ်များနှင့် အတူ မီးရှို့ ပစ်ခဲ့ပေ သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com